# ၂၀၁၉ ခုနှစ် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေ




## အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇။

## နိဒါန်း


မြန်မာနိုင်ငံအတွက် ၂၀၁၉ ခုနှစ်သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရေးနှင့်ပတ်သက်၍ စိန်ခေါ်ချက် အလွန်ကြီးမားသော နှစ်တစ်နှစ် ဖြစ်ခဲ့ပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဦးဆောင်သော လက်ရှိ အရပ်သားအစိုးရ အုပ်ချုပ်ရေးသက်တမ်းအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံရမှုများမှာ နှစ်စဉ် မြင့်တက်လာလျှက်ရှိသည်။ လူ့အခွင့်အရေးကို ချိုးဖောက်နေသည့် ဥပဒေ အများအပြား ဆက်လက် တည်ရှိနေသည့်အပြင် တရားစီရင်ရေးမဏ္ဍိုင်သည်လည်း လွတ်လပ်အမှီခိုကင်းမှု အားနည်းခြင်းသည် ပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို မည်သူကမဆို ချိုးဖောက်နိုင်စေရန် လမ်းဖွင့်ပေးထား သကဲ့သို့ ဖြစ်နေပေသည်။ ဤအစီရင်ခံစာတွင် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်အပေါ် ဥပဒေဖြင့် ချိုး ဖောက်ခဲ့မှုများအား အဓိက သုတေသနပြုလေ့လာထားပါသည်။

## သုတေသနထုံး

ဤအစီရင်ခံစာသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ မှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ၁၂ လတာ ကာလအတွင်း နိုင်ငံအဝန်းဖြစ်ပွားခဲ့သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံရမှုများ ကို စောင့်ကြည့်လေ့လာကာ သုတေသနပြုအစီရင်ခံထားခြင်းဖြစ်သည်။ အထူးသဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တည်ဆဲဥပဒေများအသုံးပြု၍ ချိုးဖောက်ခဲ့မှုများကို ပြန်လည်ဆန်းစစ်၍ ကောက်ချက်ချမှုများ ဂရုတစိုက်လုပ်ဆောင်ကာ ဤသုတေသနစာစောင်အား ပြုစုထားပါသည်။ ပုံနှိပ်နှင့် ဒစ်ဂျစ်တယ် မီဒီယာများတွင် ပါဝင်သည့် မှတ်တမ်းမှတ်ရာများကို တဆင့်ခံရင်းမြစ်အဖြစ် နေ့စဉ် မှတ်တမ်းတင် စောင့်ကြည့်၍သော်လည်းကောင်း၊ နောက်ကြောင်းပြန်ခြေရာကောက်၍ စုဆောင်းခြင်းဖြင့်သော်လည်းကောင်း အချက်အလက်များကို ပြုစုထားပါသည်။ တစ်ဆက်တည်းသော အမှုတွဲစောင့်ကြည့်မှုများ၊ တစ်ဆက်တည်းမဟုတ်သော တရားရုံးစောင့်ကြည့်မှုများ၊ သက်ဆိုင်သူများကို သုတေသန အင်တာဗျူးမေးမြန်းမှုများ၊ ကျွမ်းကျင်သူများ၊ ဥပဒေပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်မှုများမှ ရရှိလာသော အချက်အလက်များ ကို အပြီးသတ် ကောက်ချက်ချမှု ပြုလုပ်ရာတွင် ထည့်သွင်းစဉ်းစားထားပါသည်။

| ၁၅၆ မှု | ၃၃၁ ဦး |
|---|---|


၂၀၁၉ ခုနှစ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တည်ဆဲဥပဒေဖြင့် ချိုးဖောက်မှု အနည်းဆုံး ၁၅၆ မှု ဖြစ်ပွားခဲ့ပြီး လူဦးရေ ၃၃၁ ဦး ထက်မနည်း တရားစွဲဆိုခံခဲ့ရသည်။ အများဆုံး တရားစွဲဆိုခံရသူအမျိုးအစားမှာ အရပ်သားပြည်သူများနှင့် တက်ကြွလှုပ်ရှားသူများ ဖြစ်ကြသည်။ တက်ကြွလှုပ်ရှားသူများတွင် ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူအများစု ပါဝင်ပြီး အမျိုးသားရေး တက်ကြွလှုပ်ရှားသူ အချို့လည်း ပါဝင်သည်။




*ပုံ (၁) - နစ်နာသူအမျိုးအစားနှင့် လအလိုက်တရားစွဲဆိုခံခဲ့ရမှု အချိန်ပြဇယား*

## ချိုးဖောက်သူများ

၂၀၁၉ ခုနှစ်အတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှု အမြင့်ဆုံးမှာ အစိုးရနှင့် တပ်မတော် တို့ ဖြစ်ကြသည်။ ချိုးဖောက်မှု စုစုပေါင်း၏ ၃၈ ရာခိုင်နှုန်းကို အစိုးရက ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ၂၅ ရာခိုင်နှုန်းကို တပ်မတော်က ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။





*ပုံ (၂) - ချိုးဖောက်သူအမျိုးအစားအလိုက် တရားစွဲဆိုခဲ့သည့် အမှုအရေအတွက်ပြဇယား*

### ဖြစ်စဉ်လေ့လာမှု - ၁


ဦးဝီရသူ သည် လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများ ဖြစ်ပေါ်ရန် လှုံ့ဆော်သည့် ဟောပြောမှုများကို မြေပြင်တွင်ရော အွန်လိုင်းတွင်ပါ တွင်ကျယ်စွာ လုပ်ဆောင်နေသူ တစ်ဦးဖြစ်သည်။ ထိုကဲ့သို့ အန္တရာယ်ရှိသည့် လှုံ့ဆော်မှုများနှင့် ပတ်သက်၍ အစိုးရဘက်မှ ခေါ်ယူဆွေးနွေးခြင်း၊ တားမြစ်ခြင်း၊ အရေးယူခြင်းတို့မရှိဘဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်ခဲ့ခြင်းအတွက်ကြောင့်သာ ၂၀၁၉ ခုနှစ်၊ မေလ အတွင်းက ရာဇသတ်ကြီးပုဒ်မ ၁၂၄(က) ဖြင့် တရားစွဲဆိုခဲ့သည်ကို တွေ့ရှိရပါသည်။

တပ်မတော်သည် အထူးသဖြင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူအများအပြားကို တရားစွဲဆိုခဲ့ခြင်းဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ခဲ့သည်။ ၂၀၁၉ ခုနှစ်၏ နိုင်ငံရေးအခင်းအကျင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး တောင်းဆိုပွဲ၊ ဟောပြောပွဲများ ပေါ်ပေါက်လာခြင်း၊ တပ်မတော်၏ နိုင်ငံရေးတွင် ပါဝင်နေခြင်းကို ဝေဖန်ခြင်း၊ တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြည်တွင်းနှင့် နိုင်ငံတကာမှ ထောက်ပြရှုံ့ချခြင်းများ မြင့်တက်လာသည်နှင့်အမျှ တပ်မတော်မှ ဝေဖန်ပြောဆိုသူများအား တရားစွဲဆိုမှုများ သိသိသာသာ များပြားလာခဲ့သည်ကို တွေ့ရှိရသည်။



*ပုံ (၃) - ၂၀၁၉ ခုနှစ်၊ ဧပြီလ တွင် တပ်မတော်အား သံချပ်ထိုး၍ ဝေဖန်ထောက်ပြခဲ့မှုကြောင့် တရားစွဲဆိုခံထားရသည့် ဒေါင်းတို့မျိုးဆက် အဖွဲ့အား မရမ်းကုန်းမြို့နယ် တရားရုံး၌ တရားရုံး ထုတ်စဉ်။*


*ဓာတ်ပုံ - အသံအဖွဲ့*




*ပုံ (၄) - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ချိုးဖောက်ရာတွင် အသုံးပြုသည့် ဥပဒေများနှင့် တရားစွဲဆိုသည့်အရေအတွက်ပြဇယား*


လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ချိုးဖောက်မှုတွင် ဆက်သွယ်ရေးဥပဒေသည် ၂၀၁၉ ခုနှစ်အတွင်း အများဆုံး အသုံးချခံခဲ့ရသည့် ဥပဒေတစ်ရပ် ဖြစ်သည်။ အခြားဥပဒေများဟု ဆိုရာတွင် မတရားအသင်းဆက်သွယ်မှု ဥပဒေ၊ ရာဇသတ်ကြီးဥပဒေပါ ရာဇဝတ်မှုပုဒ်မများနှင့် စသည်တို့ ပါဝင်သည်။

*ပုံ (၅) - တရားစွဲဆိုခံရသည့် အကြောင်းအရင်းများ*





၂၀၁၉ ခုနှစ်အတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်သော တရားစွဲဆိုမှုများတွင် နိုင်ငံရေးအမြင်သဘောထား ထုတ်ဖော်မှုကြောင့် စွဲဆိုခံခဲ့ရသည့် အမှုအရေအတွက်မှာ အများဆုံးဖြစ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

## ဆက်သွယ်ရေးဥပဒေဖြင့် ချိုးဖောက်မှုကို လေ့လာခြင်း




ပုံ (၅) - တရားစွဲဆိုသူ အမျိုးအစားနှင့် ရာခိုင်နှုန်း





ပုံ (၆) - တရားစွဲဆိုခံရသူ အမျိုးအစားနှင့် အရေအတွက်

ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုခံရမှု စုစုပေါင်း **၄၉ မှု** ရှိပြီး **၈၄ ဦး** တရားစွဲဆိုခံခဲ့ရသည်။ တပ်မတော်နှင့် အစိုးရတို့သည် အများဆုံး တရားစွဲဆိုကြပြီး တက်ကြွလှုပ်ရှားသူများနှင့် အရပ်သားပြည်သူတို့ အများဆုံး ထိခိုက်နစ်နာခဲ့ကြရသည်။

## ရာဇသတ်ကြီးဥပဒေ ပုဒ်မ - ၅၀၅ (က)၊ (ခ) တို့ဖြင့် ချိုးဖောက်မှုကို လေ့လာခြင်း

ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ ကို အသုံးပြု၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ရာတွင် ၅၀၅(က) ဖြင့် ၁၁ မှု၊ ၅၀၅(ခ) ဖြင့် ၁၂ မှုရှိပြီး ၅၀၅(ဂ) ဖြင့်စွဲဆိုထားခြင်းမရှိပါ။ စုစုပေါင်း ချိုးဖောက်ခံရမှု **၂၃ မှု** ရှိခဲ့ပြီး **၆၃ဦး** တရားစွဲဆိုခံခဲ့ရသည်။ တရားစွဲခံရသူအမျိုးအစားတွင် တက်ကြွလှုပ်ရှားသူ ၄၄ ဦး၊ အရပ်သားပြည်သူ ၁၂ ဦး၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ် ၃ ဦး နှင့် အခြား ၄ ဦး တို့ဖြစ်ကြသည်။




ပုံ (၇) - တရားစွဲဆိုသူအမျိုးအစားနှင့် အသုံးပြုသည့်ပုဒ်မများ

## ဖြစ်စဉ်လေ့လာမှု - ၂

ဧပြီလတွင် ဒေါင်းတို့မျိုးဆက်သံချပ် အဖွဲ့သည် သင်္ကြန်ကာလအတွင်း ခေတ်ကာလကိုဝေဖန်ထောက်ပြသည့် သံချပ်ထိုး ဖျော်ဖြေမှုများကို မြို့နယ်အသီးသီးတွင် လှည့်လည် ဖျော်ဖြေခဲ့ကြရာ သံချပ် စာသားများသည် တပ်မတော်၏ ဂုဏ်သိက္ခာညှိုးနွမ်းစေ ခြင်း၊ တပ်တွင်းပုန်ကန်မှု ဖြစ်ပေါ်လာအောင် လှုံ့ဆော်ခြင်းများဖြစ်စေသည် ဟုဆိုကာ တပ်မတော်က တရားစွဲဆိုခဲ့သည်။ ထူးခြားသည့်အခြေအနေများအဖြစ် စတင်တရားစွဲဆိုသည့်အချိန်၌ ပုဒ်မ တစ်ခုတည်းဖြင့် စွဲဆိုသော်လည်း တရားရင်ဆိုင်သည့်ကာလတွင် အခြားပုဒ်မများနှင့် ထပ်မံစွဲဆိုခြင်း၊ အခြားဒေသများတွင်လည်း ထပ်မံ စွဲဆိုခြင်းများ ရှိခဲ့သည်။ ထိုသို့ တရားစွဲဆိုရာတွင် ရန်ကုန်တိုင်းဒေသကြီး၌ ၆၆(ဃ)ဖြင့် ၂ မှု၊ ၅၀၅(က) ဖြင့် ၂ မှု၊ ဧရာဝတီတိုင်းဒေသကြီး၌ ၆၆(ဃ) ဖြင့် ၁ မှု၊ ၅၀၅(က) ဖြင့် ၃ မှု၊ စုစုပေါင်း **၈ မှု** ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ယခု လက်ရှိအချိန်တွင် ၅၀၅ (က) အမှု ၂ မှု နှင့် ၆၆ (ဃ) အမှု ၂ မှု တို့အတွက် စုစုပေါင်း အလုပ်နှင့် ထောင်ဒဏ် (၂) နှစ်နှင့် (၆) လ ကျခံနေရသည်။ ပုဒ်မ ၆၆(ဃ) တွင် ပုဂ္ဂိုလ်တစ်ဦးဦးအား အသရေဖျက်ခြင်းကိုသာ တရားစွဲဆိုနိုင်ခွင့်ရှိသော်လည်း ယခုအမှုတွင် လူပုဂ္ဂိုလ်မဟုတ်သော အဖွဲ့အစည်းဖြစ်သည့် တပ်မတော်က တရားစွဲဆိုမှုအား တရားရုံးများက အမှုလက်ခံပြီး ပြစ်ဒဏ်ချမှတ်ခြင်းမှာ မေးခွန်း ထုတ်စရာဖြစ်ပေသည်။


လက်ရှိတွင် ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့သည် တရားစီရင်ရေးစနစ်အား အယုံအကြည် မရှိတော့သဖြင့် ကျန်ရှိနေသော အမှုများကို ဆက်လက် ခုခံချေပခြင်း မပြုလုပ်တော့ဘဲ တရားရုံးအား သပိတ်မှောက်ထားကြောင်း သိရသည်။

## နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ ဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုကို လေ့လာခြင်း

နိုင်လွတ်လုံဥပဒေကို အသုံးပြု၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုများမှာ စုစုပေါင်း **၃၁ မှု** ရှိပြီး **၁၀၄ ဦး** ထိခိုက်နစ်နာခဲ့ကြသည်။ ဥပဒေကို အသုံးချ၍ တရားစွဲဆိုခဲ့သူ အများစုမှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် အရပ်သားပြည်သူတို့ ဖြစ်ကြသည်။

ဖြစ်စဉ်လေ့လာမှု - ၃

၂၀၁၉ ခုနှစ်၊ ဇူလိုင်လအတွင်းတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေမှ **“နေပြည်တော် စည်ပင်ရိပ်သာတွင် နေထိုင်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အရက်သေစာ သောက်စားမူးယစ်ပြီး ၎င်းအခန်းတွင် ဖုံးထောင်ထားသည်ဟု ရဲစခန်းကို ဖုန်းဆက်သတင်းပို့ခဲ့”** ဟူသော ခေါင်းစဉ်ဖြင့် သတင်းပုံစံ တင်ဆက်ခဲ့မှုကြောင့် ရေးသားသူ၊ မှတ်ချက်ပေးသူများကို နိုင်လွတ်လုံဥပဒေ ပုဒ်မ ၁၀ ဖြင့် အမှုဖွင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ တရားစွဲဆိုမှု အများစုသည် ၎င်းတို့အား ပုဂ္ဂိုလ်ရေးအရဝေဖန်ခြင်း၊ ထောက်ပြခြင်းများပြုလုပ်သော သာမာန်ပြည်သူများကို တုံ့ပြန်၍ တရားစွဲဆိုခဲ့သည်ကို တွေ့ရသည်။





ပုံ (၈) - ချိုးဖောက်သူအမျိုးအစားနှင့် ချိုးဖောက်ထားမှုအခြေအနေ

## ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုကို လေ့လာခြင်း


တစ်နှစ်အတွင်း ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုကြောင့် ငြိမ်းစုစီဥပဒေဖြင့် အရေးယူခံခဲ့ရသည့် **အမှု ၁၄ မှု** ရှိပြီး **၆၁ ဦး အရေးယူခံခဲ့ရ** သည်။ တိုင်းရင်းသားအခွင့်အရေးတောင်းဆိုဆန္ဒထုတ်ဖော်မှုများကြောင့် အရေးယူခံရခြင်းသည် အများဆုံးဖြစ်ခဲ့ပြီး အမှုတွဲ ၅ ခုတွင် လူ ၃၉ ဦး တရားစွဲဆိုခံခဲ့ရသည်။




ပုံ (၉) - ဆန္ဒထုတ်ဖော်ပွဲအမျိုးအစားအလိုက် တရားစွဲဆိုခံရမှုအခြေအနေပြ ဇယား



*ရန်ကုန်တိုင်းဒေသကြီးတွင် တစ်နှစ်အတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ဥပဒေဖြင့် ချိုးဖောက်မှု ၆၀ မှု ပေါ်ပေါက်ခဲ့ပြီး တစ်နိုင်ငံလုံး အနေဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။ ဒုတိယအများဆုံးသည် မန္တလေးတိုင်းဒေသကြီးဖြစ်ပြီး ၂၈ မှု ပေါ်ပေါက်ခဲ့သည်ကိုတွေ့ ရှိရပါသည်။ ဥပဒေဖြင့်တရားစွဲဆိုကာ ချိုးဖောက်မှု အနည်းဆုံးဒေသမှာ ချင်းပြည်နယ် ဖြစ်ခဲ့ပြီး တစ်မှုသာ ပေါ်ပေါက်ခဲ့သည်။ ထူးခြားချက်အနေဖြင့် ပြည်နယ်များသည် တိုင်းဒေသကြီးများထက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ဥပဒေဖြင့်တရားစွဲဆိုကာ ချိုးဖောက်မှု ပိုမိုနည်းပါးခဲ့သည်ကို တွေ့ ရှိရပါသည်။*




*မှတ်ချက်* - *တရားစွဲဆိုမှု ၁၅၆ မှုတွင် နေရာဒေသအတည်ပြုနိုင်ခြင်းမရှိသည့် ၄ မှုအား ထည့်သွင်းတွက်ချက်ထားခြင်းမရှိပေ။*
- *"ပျမ်းမျှတရားစွဲဆိုမှု" ဟူသည်မှာ ထိုဒေသတွင် အများဆုံးအသုံးပြုသော ဥပဒေဟူ၍ မတွေ့ရခြင်းဖြစ်သည်။*

## အနှစ်ချုပ်သုံးသပ်ချက်

မြန်မာနိုင်ငံတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အာဏာပိုင် အဖွဲ့အစည်းများရှိ ပုဂ္ဂိုလ်များမှ နည်းလမ်းအမျိုးမျိုးဖြင့် ချိုးဖောက်နေကြပေသည်။ အထူးသဖြင့် ဥပဒေပုဒ်မ အမျိုးမျိုးတပ်၍ နိုင်ငံရေးဆိုင်ရာ ဝေဖန်ထောက်ပြမှုများ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဝေဖန်ထောက်ပြမှုများကို အဓိက တုံ့ပြန်တရားစွဲခြင်းဖြင့် ချိုးဖောက်ခဲ့ကြသည်ကိုတွေ့ရသည်။ တပ်မတော်၏ တရားစွဲဆိုမှုအများဆုံးမှာ တပ်မတော်၏နိုင်ငံရေးတွင် ပါဝင်နေခြင်း တို့ကို ဝေဖန်ခြင်း၊ တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဝေဖန် ထောက်ပြခဲ့ခြင်းများကြောင့် ဖြစ်သည်။ အလားတူပင် လွှတ်တော်ကိုယ်စားလှယ်များသည်လည်း ၎င်းတို့အား အရပ်သားပြည်သူများက ဝေဖန်ခဲ့ခြင်းကြောင့် တရားစွဲဆိုခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် သတင်းသမားများ၏ လွတ်လပ်စွာသတင်းရယူပိုင်ခွင့်၊ ရေးသားခွင့်နှင့် တင်ပြခွင့်များကို ချိုးဖောက်ပြီး ရဲတပ်ဖွဲ့မှသော်လည်းကောင်း၊ တပ်မတော်မှသော်လည်းကောင်း တရားစွဲဆိုခဲ့ကြသည်။ ထို့ကြောင့် တရားစွဲဆိုခံရသူအများစုမှာ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများနှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ ဖြစ်ကြသည်ကို တွေ့ရှိ ရသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ခံရသည်နှင့်အတူ လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့်များကိုပါ ချိုးဖောက်ခံခဲ့ရသည်။

ထိုသို့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံနေရသော်လည်း အစိုးရအနေဖြင့် ထိရောက်သော အကာအကွယ်ပေးမှုများ မပြုလုပ်သကဲ့သို့ လွှတ်တော်အနေဖြင့်လည်း လုံလောက်သော ဥပဒေပြောင်းလဲမှုများကို မဆောင်ရွက်နိုင်ခဲ့ပေ။ ဤသို့ဖြစ်ရခြင်းမှာ တရားစွဲဆို ချိုးဖောက်သူ အများစုသည် အစိုးရ၊ တပ်မတော်နှင့် လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ဖြစ်နေခြင်းကြောင့်ဖြစ်သည်။ ထိုအခါ အားမကောင်းသော တရားစီရင်ရေးမဏ္ဍိုင်သည် မျှတစွာ မဆောင်ရွက်နိုင်တော့ဘဲ အာဏာရှိ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များဘက်သို့ မျက်နှာသာပေးကာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို လျစ်လျူရှုခဲ့ကြသည်။ ထို့ကြောင့် တရားစီရင်ရေးမဏ္ဍိုင်သည်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်ရန် အားပေးအားမြှောက်ပြုသကဲ့သို့ ဖြစ်နေပေသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် ဥပဒေအားဖြင့်သော် လည်းကောင်း၊ အုပ်ချုပ်ရေးယန္တရားမှသော် လည်းကောင်း၊ တရားစီရင်ရေးမဏ္ဍိုင်ကြောင့်သော် လည်းကောင်း အဘက်ဘက်မှ ချိုးဖောက်ခြင်းကိုခံနေရသည်။

## အကြံပြုတိုက်တွန်းချက်

ဥပဒေပိုင်းဆိုင်ရာတွင် အားနည်းနေသောဥပဒေများကို ပြင်ဆင်ရန်လိုအပ်ပြီး အချို့ဥပဒေများကိုအပြီးတိုင် ဖျက်သိမ်းရန်လိုအပ်သည်။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို အမြန်ဆုံး ပြင်ဆင်သင့်သည်။ ဆက်သွယ်ရေးဥပဒေပါ ပုဒ်မ ၆၆ (ဃ)၊ ၆၈ (က)၊ ၇၇၊ ၇၈၊ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၈(စ)၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ၊ ရာဇသတ်ကြီး ဥပဒေပါ ပုဒ်မ ၁၂၄ (က)၊ ၅၀၅ (က)၊ ၅၀၅ (ခ) တို့ကို အမြန်ဆုံးဖျက်သိမ်းသင့်သည်။ ရာဇသတ်ကြီးဥပဒေပါ အသရေဖျက်မှု ပုဒ်မ ၅၀၀ အား ရာဇဝတ်မှုဆိုင်ရာ ဥပဒေအဖြစ်မှ တရားမမှုဆိုင်ရာ ဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းပြီး ကျန်ဥပဒေများပါ အသရေဖျက်မှုပုဒ်မများ အားလုံးကို ဖျက်သိမ်းသင့်ပါသည်။

အသရေဖျက်ခြင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဝေဖန်ပြောဆိုမှုများတွင် သာမာန်လူပုဂ္ဂိုလ်များအနေဖြင့် ဥပဒေကြောင်းအရ ပြန်လည်ခုခံတရားစွဲဆိုခွင့်ရှိသည်။ သို့သော် ဒီမိုကရေစီစနစ်တွင် ခြွင်းချက်အနေဖြင့် လူထုကိုယ်စားပြု ခေါင်းဆောင်များ၊ နိုင်ငံရေး သမားများ၊ အစိုးရအဆင့်မြင့်အရာရှိများ၊ ဝန်ကြီးဌာနများ၊ နိုင်ငံတော်နှင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့အား ပြောဆိုဝေဖန်ခြင်း၊ ရေးသားခြင်း၊ လှောင်ပြောင်ခြင်း၊ သရော်ခြင်းများကို တုံ့ပြန်တရားစွဲဆိုမှု မပြုလုပ်သင့်ပေ။

ထို့ပြင် တရားစီရင်ရေးမဏ္ဍိုင်သည် လွတ်လပ်သောမဏ္ဍိုင်အဖြစ်ရပ်တည်၍ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို ထည့်သွင်းစဉ်းစားကာ တရားမျှတစွာ စီရင်ဆုံးဖြတ်သင့်ပေသည်။


## ဆက်သွယ်ရန်

| | | | |
|---|---|---|---|
| Phone 1 | : +95 9 979 994 108 | Email | : athan.info@gmail.com |
| Phone 2 | : +95 9 787 440 484 | Website | : www.athanmyanmar.org |
| Facebook | : @athan.foe.myanmar | Twitter | : @athan_info |

## အစီရင်ခံစာရေးသားပြုစုသူများ

***ပန်ဆုပြည့်အိမ်***
*Researcher*
*panhsu.athan@gmail.com*

***ထက်ထက်ဇော်***
*Junior Researcher*
*jr.researcher.athan@gmail.com*

***Alexander Beatson***
*Data Scientist*
*saibohnepyi09aung@gmail.com*

***မေပြည့်စုံ***
*Data Collector*
*datac.athan@gmail.com*

***မြမြင့်သူ***
*Data Collector*
*datac1.athan@gmail.com*